17 October, 2021

# NCA ခြောက်နှစ်ပြည့်နှင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများအား ဖြန့်ထွက်စဉ်းစားခြင်း



သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တပ်ဖွဲ့ဝင်များအား ၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့သော ၆၈ ကြိမ်မြောက် ရှမ်းအမျိုးသားနေ့အခမ်းအနား၌ တွေ့ရစဉ်။
Photo-KC ORTIZ/AFP

## ■ မိတ်ဆက်

NCA ခြောက်နှစ်ပြည့်နှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အထူးကဏ္ဍ (Special Features) အဖြစ် အကြောင်းအရာငါးခုကို ISP-Myanmar က ဖော်ပြရန်ရှိပါသည်။ ယခု ပထမဆုံးအနေဖြင့် **'မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများအား ဖြန့်ထွက်စဉ်းစားခြင်း'** (Scenario Thinking) ကို စတင်ဖော်ပြခြင်း ဖြစ်သည်။ ယင်းနောက် **'မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် - အခင်းအကျင်းသစ်နှင့် အသစ်အသစ်သော အင်အားစုများ'** အကြောင်း ပိုင်းခြားစိတ်ဖြာသုံးသပ်ချက် (Analysis) ကို ဆက်လက်ဖော်ပြရန် ရှိပါသည်။ ထိုဖော်ပြချက်အပြီးတွင် **'စစ်အာဏာသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်လှန်ဆန်းစစ်သော မေးခွန်း ၇ ခု'** (Key Questions) ကို ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများ၊ သုတေသီများနှင့် လေ့လာသုံးသပ်သူများအား ISP-Myanmar က မေးမြန်းထားပြီး၊ ၎င်းတို့၏ဖြေဆိုမှုများကို ဖော်ပြသွားရန်ရှိပါသည်။ ထို့နောက် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် သိထားသင့်သော ဒေတာအချက်အလက်များအားစုစည်းဖော်ပြမည့် Visual Story နှင့် သိသင့်သမျှအကြောင်းချင်းရာ (Backgrounder) တို့ကိုလည်း ထပ်မံဖော်ပြသွားမည် ဖြစ်သည်။

## ■ မာတိကာ

| | |
|---|---|
| အနှစ်ချုပ် | စာ - ၂ |
| နောက်ခံအခြေအနေ | စာ - ၆ |
| မြန်မာ့ငြိမ်းချမ်းရေး ရှေ့ဆက်ဖြစ်တန်ခြေများ | စာ - ၁၁ |

## ဖြစ်တန်ခြေ ဖြန့်ထွက်စဉ်းစားခြင်း

**ISP-Myanmar က ဖော်ပြမည့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများကို ဖြန့်ထွက်စဉ်းစားခြင်းတွင် ပါဝင်သည့် အကြောင်းပြယူဆချက်များနှင့် ဆက်နွယ်သက်ရောက်မှုများသည် မလွဲမသွေ မုချဖြစ်မည်ဆိုသော အပြီးအပြတ်သဘောမဆောင်ဘဲ၊ အနာဂတ်ရည်မှန်းချက်သို့ ရောက်ရှိနိုင်ရန် ပစ္စုပ္ပန်အခြေအနေနှင့် ချိတ်ဆက်စဉ်းစားရာ၌ အညွှန်းပြုစရာအဖြစ် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ ယခုဖော်ပြထားသော ဖြစ်တန်ခြေ ဖြန့်ထွက်စဉ်းစားခြင်းနှင့် ပတ်သက်၍ အထောက်အထားသစ်များ ပေါ်ထွက်လာသည်နှင့်အမျှ ပြန်လည်သုံးသပ် ဖြည့်စွက်မှုများ ပြုလုပ်သွားပါမည်။**

မည်သည့်နယ်ပယ်အတွက်မဆို ဖြစ်တန်ခြေကိုလေ့လာရာ၌ အနာဂတ်ဟောကိန်းသဘောထက် အကြောင်းပြယူဆချက်များအား အချက်အလက် အထောက်အထားများဖြင့် ဆန်းစစ်ပြီး၊ အထောက်အထား အားကောင်းပါက အားကောင်းလာသလောက် ဖြစ်တန်ခြေ ပို၍နီးစပ်လာနိုင်မည့် အညွှန်းပြဆိုချက်များအဖြစ် လေ့လာသင့်ပါသည်။ အထောက်အထား ကျိုးကြောင်းယုတ္တိကို ဖော်ထုတ်ပိုင်းခြားဆန်းစစ်ပြီး ဖြစ်တန်ခြေကိုကြိုတွေးဆခြင်းနှင့် အကျိုးဆက်များအား ပုံဖော်ကြည့်ခြင်းသာဖြစ်ပါသည်။ ဘက်အသီးသီးက မူဝါဒချမှတ်သူများသာမက ပြည်သူများအနေဖြင့်ပါ မိမိတို့ မျှော်မှန်းသော ဖြစ်တန်ခြေအနာဂတ်မှ ယခုဖြစ်နေသော ပစ္စုပ္ပန်သို့ ပြန်စုန်ဆင်းပြီး လိုအပ်သည့် အကြောင်းတရားများ ပြည့်စုံအောင် တည်ဆောက်ယူရင်း ရေဆန်ကို မည်သို့လှန်တက်မည်နည်း၊ ဦးတည်သောပန်းတိုင်သို့ မည်သည့်နည်းလမ်းဖြင့် ရောက်နိုင်မည်နည်း စသဖြင့် မဟာဗျူဟာမြောက် ဦးနှောက်မုန်တိုင်းဆင်နိုင်ရန်၊ စီမံကိန်းများချမှတ်နိုင်ရန်အတွက် ဖြစ်တန်ခြေ တွေးတောပုံများက အထောက်အကူဖြစ်စေနိုင်ပါသည်။

## အနှစ်ချုပ်

- တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ခြောက်နှစ်ပြည့်ချိန်မှာပဲ မြန်မာနိုင်ငံနေရာအနှံ့ လက်နက်ကိုင် တိုက်ပွဲကြီးငယ်တွေ၊ စစ်ရေး ပြင်ဆင်လှုပ်ရှားမှုတွေ၊ တင်းမာမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

- ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို NLD အစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်မှာ နောက်ဆုံးလုပ်ခဲ့ပေမဲ့ ၂၀၁၈ ခုနှစ် အောက်တိုဘာကတည်းက NCA အခြေပြု ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖော်ဆောင်မှုဟာ အကျပ်ဆိုက် (deadlock) အခြေအနေ ကြုံနေခဲ့ရတာဖြစ်ပါတယ်။ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း (စာချုပ်အဖြစ် မည်ကာမတ္တ ကျန်နေပေမဲ့) NCA အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အားလုံး ရပ်တန့်သွားပါတယ်။ NCA လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာမှာ ရှိရမယ့် အစုအဖွဲ့ကိုယ်စားပြုမှု၊ ယန္တရားလည်ပတ်ပုံ ဒါတွေကလည်း စစ်အာဏာသိမ်းမှုကြောင့် ပျက်သွားပါတယ်။

- NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (NCA-S EAO) တွေက တဖွဲ့ချင်းရော၊ အစုအဖွဲ့အနေနဲ့ပါ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ထားပါတယ်။ မြေပြင်မှာလည်း

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာတချို့တို့နဲ့ စစ်ကောင်စီအကြား တိုက်ပွဲ အပြင်းအထန် ဖြစ်နေပါတယ်။ တခါ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ရဲ့ တိုက်ပွဲဆင်မှုတွေကို ပြန်မြင်နေရပါတယ်။ ရှမ်းပြည်နယ်မှာ တော့ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နဲ့ သျှမ်းပြည် ပြည်လည်ထူထောင်ရေးကောင်စီ (RCSS) တို့အကြား တိုက်ပွဲတွေပိုဖြစ်နေပါတယ်။ ဒါပေမဲ့ အာဏာမသိမ်းခင်အချိန်က တပ်မ တော်နဲ့ အပြင်းအထန် တိုက်ပွဲဆင်ခဲ့တဲ့ ရက္ခိုင့်တပ်တော် (AA) က စစ်ကောင်စီနဲ့ တိုက်ပွဲဖြစ်ပွားမှု မရှိတော့ဘဲ အပစ်ရပ်နေပါတယ်။

- ကယားပြည်နယ်၊ ချင်းပြည်နယ်နဲ့ မြန်မာနိုင်ငံ အနောက်မြောက်လွင်ပြင်ဒေသ စစ်ကိုင်းတိုင်းအပါ အဝင် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသတွေမှာလည်း ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF) တွေနဲ့ စစ်ကောင်စီအကြား တိုက်ပွဲတွေဖြစ်နေပါတယ်။

- မြန်မာ့ငြိမ်းချမ်းရေး ရှေ့ဆက်ဖြစ်တန်ခြေတွေကို (အပြီးအပြတ်သဘော မဆောင်ဘဲ ဆက်လက် စဉ်းစားနိုင်ရန် အညွှန်းပြုစရာအဖြစ်) ပိုင်းခြားရာမှာ အောက်ထစ်ဖြစ်တန်ခြေ (Baseline Scenario)၊ အဆိုးရွားဆုံးဖြစ်တန်ခြေ (Worst-Case Scenario) နဲ့ ရလဒ်ကောင်းထွက်ရန် အားထုတ်မှု၏ ဖြစ်တန်ခြေ (Intervention Scenarios) စသဖြင့် သုံးပိုင်းခွဲပြီး ISP-Myanmar က သုံးသပ်ပါတယ်။

၁။ အောက်ထစ်ဖြစ်တန်ခြေ (Baseline Scenario) က စစ်ကောင်စီအနေနဲ့ NCA အပေါ် အခြေခံတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်ထိန်းထားရင်း၊ လက်မှတ်ထိုးမထားတဲ့ EAO တွေနဲ့ တဖွဲ့ချင်းဖြစ်ဖြစ်၊ အုပ်စုလိုက်ဖြစ်ဖြစ် သီးသန့်သဘောတူညီချက်ယူပြီး ပဏာမ လက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးပမ်းတာမျိုး ရှိလာနိုင်ပါတယ်။ ဖြစ်တန်ခြေ ၄၀ ရာခိုင်နှုန်း ရှိနိုင်တယ်လို့ သတ်မှတ်ပါတယ်။

၂။ အဆိုးရွားဆုံးဖြစ်တန်ခြေ (Worst-Case Scenario) က အရင်ရှိထားပြီးဖြစ်တဲ့ ငြိမ်းချမ်း ရေးဖြစ်စဉ် အနှစ်သာရအရရော၊ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အရပါ အဆုံး သတ်သွားမယ်၊ ပျက်စီးသွားမယ်။ စစ်ကောင်စီတပ်တွေနဲ့ EAO များ၊ PDF များအကြား ကြီးမားတဲ့ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်လာပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်လာနိုင်ပါ တယ်။ ဖြစ်တန်ခြေ ၃၀ ရာခိုင်နှုန်း ရှိနိုင်တယ်လို့ သတ်မှတ်ပါတယ်။

၃။ ရလဒ်ကောင်းထွက်ဖို့အားထုတ်မှု ဖြစ်တန်ခြေတွေ (Intervention Scenarios) မှာ နှစ်ပိုင်းရှိနိုင်ပါမယ်။ ပထမတခုက နိုင်ငံတကာ (အထူးသဖြင့် တရုတ်ထောက်ခံမှုနဲ့) ကြား ဝင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ လက်ရှိ နိုင်ငံရေးအကျပ်အတည်းကို ချိတ်ဆက်ဖြေရှင်းပေး တာဖြစ်ပါတယ်။ ဒုတိယတခုက အဓိက EAO တွေ၊ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) နဲ့ PDF တွေပူးပေါင်းပြီး 'တပ်ပေါင်းစု' နဲ့ စစ်ကောင်စီကို အနိုင်ယူအောင်ပွဲခံတာ ဖြစ်ပါတယ်။ ပထမအချက်က ၂၀ ရာခိုင်နှုန်းရှိနိုင်ပြီး ဒုတိယအချက်က ၁၀ ရာခိုင်နှုန်း ရှိနိုင်တယ်လို့ သတ်မှတ်ပါတယ်။

## မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများအား ဖြန့်ထွက်စဉ်းစားခြင်း

### ၁။ အောက်ထစ်ဖြစ်တန်ခြေ (Baseline Scenario)

NCA အခြေပြု ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ထိန်းသိမ်းပြီး၊ NCA မထိုးထားသော EAO များနှင့် သီးသန့်သဘောတူညီချက်များ ပဏာမရေးထိုးနိုင်ရေး ကြိုးပမ်းခြင်း။

**အကြောင်းပြု ယူဆချက်များ**

၁။ NCA အကောင်ထည်ဖော်ရေး လုပ်ငန်းစဉ်များ ရပ်တန့်နေသော်လည်း လက်မှတ်ထိုးထားသည့် EAO များက NCA ၏ အခြေခံမူများကို ဆီလျော်သေးသည်ဟု မှတ်ယူထားခြင်း။

၂။ စစ်ကောင်စီအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်သက်တမ်းတိုးပြီး EAO များနှင့် တိုက်ပွဲကြီးများမဖြစ်အောင် သတိထား ထိန်းသိမ်းနေခြင်း။

၃။ စစ်ကောင်စီအနေဖြင့် PDF များကို EAO များထံမှ ခွဲထုတ်ပြီး သီးသန့်ပစ်မှတ်ထားခြင်း။

၄။ စစ်တပ်အတွင်း ထိပ်ပိုင်းခေါင်းဆောင်များအကြား အကွဲအပြဲများမဖြစ်စေရန်၊ တပ်ပြေးအရေအတွက် များပြားပြီး တပ်ရင်း၊ တပ်မ၊ စစ်တိုင်းအလိုက် ဘက်ပြောင်းမှု မဖြစ်အောင် ထိန်းထားနိုင်သေးခြင်း။

၅။ အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံအတွင်း ပြည်တွင်းစစ် ကျယ်ပြန့်လာမည့်အရေးကို ရှောင်ရှားလိုကြခြင်း။

**ဆက်နွယ်သက်ရောက်နိုင်မှုများ**

၁။ လူထုထောက်ခံမှု ကင်းမဲ့ခြင်းနှင့် အာဏာကိုင်စွဲ အုပ်ချုပ်ပိုင်ခွင့်မရှိခြင်း အကျပ်အတည်း (legitimacy crisis) ကို စစ်ကောင်စီအနေဖြင့် ကာလတာရှည် ခံစားရဖွယ်ရှိ။

၂။ စစ်ကောင်စီအနေဖြင့် ၎င်းတို့အလိုအတိုင်း ရလဒ်ထွက်စေရန် EAO အဖွဲ့ကြီးအချို့အား နိုင်ငံရေးနှင့် စစ်စီးပွားရေး အခွင့်ထူးများကို လိုက်လျောဖွယ်ရှိ။

၃။ EAO များနှင့် PDF များ၏ ထူးခြားချိတ်ဆက် လှုပ်ရှားမှုများကြောင့် အနာဂတ် လက်နက်ဖြုတ်သိမ်းရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (DDR/SSR) ဖြစ်စဉ် ပိုမိုရှုပ်ထွေး ခက်ခဲသွားဖွယ်ရှိ၊ အနာဂတ်ငြိမ်းချမ်းရေး ညှိနှိုင်းမှုမှန်သမျှတွင် DDR/SSR အရေးသည် အဓိကအကျဆုံး စိန်ခေါ်မှု ဆက်ဖြစ်ဖွယ်ရှိ။

### ၂။ အဆိုးရွားဆုံးဖြစ်တန်ခြေ (Worst-Case Scenario)

NCA အခြေပြု ငြိမ်းချမ်းရေးဖြစ်စဉ် အနှစ်သာရရော၊ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အရပါ အဆုံးသတ်ပျက်ပြားပြီး စစ်ကောင်စီနှင့် EAO များ၊ PDF များအကြား၊ EAO များ အချင်းချင်းအကြား တိုက်ပွဲကြီးများ ဖြစ်ပွား၍ ပြည်တွင်းစစ်ကျယ်ပြန့်ခြင်း။

**အကြောင်းပြု ယူဆချက်များ**

၁။ EAO များ၏ဒေသများတွင် စစ်ကောင်စီတပ်များ တိုးမြှင့်ချထားခြင်းကြောင့် ထိတွေ့မှုများ ဖြစ်ရာက တွက်ကိန်းလွဲ၍ တိုက်ပွဲကြီးများဖြစ်ပွားခြင်း။

၂။ မြို့ပေါ် လူထုဆန္ဒပြပွဲများနှင့် PDF များ၏တိုက်ပွဲများက စစ်ကောင်စီအပေါ် ပိုမိုထိခိုက်သော ခြိမ်းခြောက်မှုအဖြစ် အနည်းဆုံး နောက်ထပ်ခြောက်လအထိ အားကောင်းမောင်းသန် ဆက်ရှိနေခြင်း။

၃။ EAO များအကြား နယ်မြေချဲ့ထွင်ရေး၊ ကြီးစိုးရေးအတွက် အခွင့်အလမ်းနှင့် ပြိုင်ဆိုင်မှုများလာခြင်း။

၄။ မူးယစ်ဆေး အစရှိသော စစ်စီးပွားရေး ရုတ်ချည်းဖြတ်တောက်ခံရခြင်း (ဝါ) ပိုမိုလွယ်ကူလာခြင်း။

၅။ အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံတွင်း ၎င်းတို့အတွက် မဟာဗျူဟာအရ အရေးပါသော ဒေသများကို ၎င်းတို့နှင့်ဆက်နွယ်သည့် EAO များ၊ လိုအပ်ပါက ဩဇာခံ လက်နက်ကိုင်တပ်အသစ်များ ဖန်တီး၍ အထိုင်ချခြေကုပ်ယူထားရန် လိုအပ်သည်ဟု ဆုံးဖြတ်လာခြင်း။

**ဆက်နွယ်သက်ရောက်နိုင်မှုများ**

၁။ ပြည်တွင်း လူသားချင်းစာနာမှု အကျပ်အတည်း အလွန်ကြီးမားစွာ ဖြစ်ပေါ်ခြင်း။

၂။ အုပ်ချုပ်ရေးနှင့် လုံခြုံရေးပျက်ပြားပြီး ကျရှုံးနိုင်ငံအဖြစ် သတ်မှတ်ခံရခြင်း။

၃။ အိမ်နီးချင်းနိုင်ငံများက မြန်မာ့ပဋိပက္ခ၏ ဒုက္ခသည်၊ မူးယစ်ဆေးစသည့် ဘေးထွက်ဆိုးကျိုးများ လျှံထွက်မလာအောင် စစ်ရေးစသည့် ကြားခံများဖန်တီးခြင်း၊ ကန့်သတ်တားဆီးမှုများ ပိုဆောင်ရွက်ခြင်း။

## ၃။ ရလဒ်ကောင်းထွက်ရန် အားထုတ်မှု၏ ဖြစ်တန်ခြေများ (Intervention Scenarios)

### ပြောင်းလဲရန်အားထုတ်မှု၏ ရလဒ်ကောင်းဖြစ်နိုင်ခြေ (အလားအလာ-၁)

နိုင်ငံတကာ (အထူးသဖြင့် တရုတ်ထောက်ခံမှုဖြင့်) ကြားဝင်၍ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လက်ရှိ နိုင်ငံရေးအကျပ်အတည်းကို ချိတ်ဆက်ဖြေရှင်းပေးခြင်း။

**အကြောင်းပြ ယူဆချက်များ**

၁။ စစ်ကောင်စီက မြေပြင်အခြေအနေကို မထိန်းချုပ်နိုင်သည့်အတွက် အနိမ့်ဆုံး လူထု ပူးပေါင်းပါဝင်မှုရှိမှ အောင်မြင်မည့် (ဥပမာ- ရွေးကောက်ပွဲကျင်းပခြင်း) လုပ်ငန်းမျိုးကို မလုပ်နိုင်ခြင်း။
၂။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာထူးမှဆင်းပေးရခြင်း၊ ဖြုတ်ချခံရခြင်းစသော တပ်တွင်း ဖြုတ်ထုတ်လှုပ်ရှားမှုများ (ဝါ) အပြောင်းအလဲများဖြစ်ခြင်း။
၃။ တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံများက စစ်ကောင်စီအပေါ် စိတ်ပျက်စိတ်မရှည်တော့ဘဲ ညီညွတ်သောဖိအားပေးမှုများ ပြုလုပ်လာကြခြင်း။

**ဆက်နွယ်သက်ရောက်နိုင်မှုများ**

၁။ အဓိကအင်အားစုများက လက်ခံသဘောတူသော ငြိမ်းချမ်းရေးစာချုပ်အသစ် ချုပ်ဆိုခြင်း၊ အခြေခံဥပဒေဖျက်သိမ်းခြင်း၊ ကြားကာလအစိုးရတရပ် ပေါ်ထွန်းခြင်းတို့ ဖြစ်နိုင်။
၂။ နိုင်ငံတကာဖိအားလျော့ပါးခြင်း၊ လူသားချင်းစာနာမှုနှင့်အခြားအကူအညီများပိုမိုရရှိခြင်း။
၃။ သဘောထားပြင်းထန်သူများက စေ့စပ်ဆွေးနွေးမှုရလဒ်ကို လက်မခံသဖြင့် တိုက်ခိုက်မှုများ တစုံတရာ ဆက်ဖြစ်ပွားနေနိုင်ခြင်း။

### ပြောင်းလဲရန်အားထုတ်မှု၏ ရလဒ်ကောင်းဖြစ်နိုင်ခြေ (အလားအလာ-၂)

အဓိက EAO များ၊ NUG နှင့် PDF များပေါင်း၍ 'တပ်ပေါင်းစု'ဖြင့် စစ်ကောင်စီကို အနိုင်ယူအောင်ပွဲခံခြင်း။

**အကြောင်းပြ ယူဆချက်များ**

၁။ NUCC က ဆုံချက်ဖြစ်လာပြီး၊ Federal Charter အသက်ဝင်လာ၍ EAO များကို 'တပ်ပေါင်းစု'ဖွဲ့ရန် ဆွဲဆောင်နိုင်ခြင်း။
၂။ EAO များအနေဖြင့် ၎င်းတို့၏ တိုင်းရင်းသားလူငယ်များနှင့် မြန်မာပြည်သူတရပ်လုံး၏ စစ်အာဏာရှင်ဆန့်ကျင်ရေး လမ်းကြောင်းကို လွန်ဆန်နိုင်စွမ်း ခက်ခဲလာခြင်း။
၃။ စစ်ကောင်စီအနေဖြင့် EAO များကို မက်လုံးပေး ညှိနှိုင်းရန်လည်း မစွမ်းသာသည့်အပြင် သွေးခွဲအုပ်ချုပ်ခြင်းလည်း မစွမ်းနိုင်တော့ခြင်း။
၄။ စစ်တပ်အတွင်း တပ်ပြေးအရေအတွက် များပြားလာပြီး တပ်ရင်း၊ တပ်မ၊ စစ်တိုင်းအလိုက် ဘက်ပြောင်းမှု ဖြစ်လာခြင်းကို မထိန်းနိုင်ဘဲ ထိပ်ပိုင်းခေါင်းဆောင်များအကြား အကွဲ အပြဲဖြစ်လာခြင်း။ တပ်များကို တနိုင်ငံလုံးဖြန့်ကျက်ထားရသဖြင့် အားနည်းခြင်းနှင့် စိတ်ဓာတ်ကျဆင်း စစ်ပန်းလာခြင်း။
၅။ နိုင်ငံတကာ (အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများက) စစ်ကောင်စီသည် တိုင်းပြည်ကို မထိန်းနိုင်တော့ဟု ယူဆသည့်အတွက် တော်လှန်ရေးအင်အားစုတွေကို စုစည်းနိုင်စေရန် ကူညီပေးခြင်း၊ ရုပ်ဝတ္ထု အထောက်အပံ့များပေးခြင်း။

**ဆက်နွယ်သက်ရောက်နိုင်မှုများ**

၁။ အငြင်းပွားမှုများ ရှိနေစေကာမူ လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲဖြစ်ခြင်း၊ ပြည်ထောင်စုလက္ခဏာ တည်ဆောက်ရန်အတွက် အကျိုးများခြင်း။
၂။ နိုင်ငံတကာ အသိအမှတ်ပြုမှုနှင့် အကူအညီများ ပြန်လည်ရရှိခြင်း။
၃။ တပ်တွင်း လက်နက်ကိုင်ထားသူအချို့၊ ပြည်ခိုင်ဖြိုးပါတီဝင်အချို့နှင့် အမျိုးဘာသာ စောင့်ရှောက်ရေး ကြွေးကြော်ပြင်းထန်သူအချို့က ပြောင်းလဲလာမည့် အခြေအနေကို လက်မခံနိုင်ဘဲ လက်နက်ကိုင်စွဲ တန်ပြန်ခြင်း။

ISP-Myanmar က ယခုဖော်ပြထားသော မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများကို ဖြန့်ထွက်စဉ်းစားခြင်း၌ ပါဝင်သည့် အကြောင်းပြ ယူဆချက်များနှင့် ဆက်နွယ်သက်ရောက်မှုများသည် မလွဲမသွေ မုချဖြစ်မည်ဆိုသော အပြီးအပြတ်သဘော မဆောင်ဘဲ၊ အနာဂတ် ရည်မှန်းချက်သို့ ရောက်ရှိနိုင်ရန် ပစ္စုပ္ပန်အခြေအနေနှင့် ချိတ်ဆက်စဉ်းစားရာ၌ အညွှန်းပြုစရာအဖြစ် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ **ယခုဖော်ပြထားသော ဖြစ်တန်ခြေ ဖြန့်ထွက်စဉ်းစားခြင်းနှင့် ပတ်သက်၍ အထောက်အထားသစ်များ ပေါ်ထွက်လာသည်နှင့်အမျှ ပြန်လည်သုံးသပ် ဖြည့်စွက်မှုများ ပြုလုပ်သွားပါမည်။**

## နောက်ခံအခြေအနေ

ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆက်စပ်အခြေအနေ (context) ကိုကြည့်ရင် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက် မှာ ၂၁ ရာစုပင်လုံ - ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (စတုတ္ထအစည်းအဝေး) လုပ်ခဲ့ပေမဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က အကျပ်ဆိုက်မှု (deadlock) ပြေလည်ခြင်းမရှိဘဲ ဆက်ရှိနေခဲ့ပါတယ်။ အဲဒီနောက်ပိုင်း လုပ်ငန်းစဉ်သုံးရပ်ပါတဲ့ ငြိမ်းချမ်းရေးအစီအစဉ်သစ်ကို ၂၀၂၀ ပြည့်နှစ်အလွန်မှာ အကောင်အထည်ဖော်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရက ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံး ရပ်ဆိုင်းသွားပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်မှု ဒီဇိုင်း (design) ပိုင်းမှာ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုယ်တိုင်က အားနည်းချက်ဖြစ်ခဲ့ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ဆုံးဖြတ်ချက်တွေအတွက် အရေးပါတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှာပင်လျှင် တိုင်းရင်းသားတွေရဲ့သဘောထား၊ ဆွေးနွေးချက်၊ လိုလားချက်တွေ လျစ်လျူရှုခံရတာ ရှိခဲ့ပါတယ်။ အဆိုးဆုံးက လုံခြုံရေးကဏ္ဍ ဆွေးနွေးချက်တွေ ရှေ့မရောက်တဲ့အပြင် သဘောတူညီချက် တခုမှလည်းမရခဲ့ပါဘူး။ တဖက်မှာလည်း အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှု ပူးတွဲကော်မတီ (JMC) ယန္တရားဟာ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်၊ မူဘောင်တွေနဲ့ ရှုပ်ထွေးခဲ့ပြီး လက်တွေ့ကျတဲ့ ဖြေရှင်းပေးမှုတွေ အသက်မဝင်ခဲ့ပါဘူး။ ဒ့ါအပြင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ပူးတွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကျပ်ဆိုက်မှု (deadlock) ကို ဖြေရှင်းပေးနိုင်စွမ်း ကင်းမဲ့ခဲ့ပါတယ်။ NCA ပြင်ပကနေ ဖြေရှင်းဖို့ ကြိုးစားမှုအဖြစ် လုပ်ခဲ့တဲ့ ၁၀+၁၀ လို ထိပ်သီးအစည်းအဝေးကလည်း အလုပ်မဖြစ်ခဲ့ပါဘူး။ NCA ကိုပဲ အခြေပြုပြီး ဖော်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်တာကြောင့် NCA ထိုးမထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ ပါဝင်နိုင်ဖို့ နေရာမရှိခဲ့တာလည်း ပြဿနာတခုဖြစ်ခဲ့ပါတယ်။ ဒါကို NCA ပြင်ပ သီးသန့်စာချုပ် ဒါမှမဟုတ် သဘောတူညီမှုယူပြီး ဖြေရှင်းနိုင်ရေး လမ်းစဖော်တာမျိုး ရှိခဲ့ပေမဲ့ အပြီးမသတ်နိုင်ခင်မှာပဲ စစ်အာဏာသိမ်းမှု ဖြစ်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပိုပြီး ရှုပ်ထွေးတဲ့ အခြေအနေ ဖြစ်လာပါတယ်။ စစ်အာဏာသိမ်းမှုကြောင့် NCA အခြေခံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရပ်တန့်သွားပြီး အသစ်အသစ်သော အင်အားစုတွေနဲ့ အခင်းအကျင်းသစ်တွေ ဖြစ်လာပါတယ်။

စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်လာသော အခြေအနေကို ISP-Myanmar က မကြာခင်ဖော်ပြမည့် **'မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် – အခင်းအကျင်းသစ်နှင့် အသစ်အသစ်သော အင်အားစုများ'** အကြောင်း ပိုင်းခြားစိတ်ဖြာသုံးသပ်ချက် (Analysis) တွင် အကျယ်တဝင့် ဖတ်ရပါမည်။

INFOGUIDE

## လက်နက်ကိုင်ပဋိပက္ခမြေပုံ

**၂၀၂၁ ခုနှစ် ဇူလိုင် ၁ မှ စက်တင်ဘာ ၃၀ ရက်အတွင်း** မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ တိုက်ပွဲအမျိုးအစားအားဖြင့် သုံးမျိုးခွဲခြားထားပြီး အာဏာသိမ်း စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသောတိုက်ပွဲများ၊ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများဟူ၍ ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီ ဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။



- အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားမှု
- တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားမှု
- အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားမှု

NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (NCA-S EAO) တွေက တဖွဲ့ချင်းရော၊ အစုအဖွဲ့အနေနဲ့ပါ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ထားပါတယ်။ ပြီးခဲ့တဲ့သုံးလအတွင်း မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခမြေပုံက ပြောင်းလဲလာပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA) နဲ့ စစ်ကောင်စီအကြား တိုက်ပွဲတွေ ပိုဖြစ်လာသလို၊ နိုင်ငံအရှေ့မြောက်ဘက်မှာလည်း မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ရဲ့ တိုက်ပွဲဆင်မှုတွေကို ပြန်မြင်လာရပါတယ်။ သံလွင်မြစ်အရှေ့ခြမ်းမှာလည်း တိုက်ပွဲတွေဖြစ်လာတယ်။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နဲ့ သျှမ်းပြည် ပြည်လည်ထူထောင်ရေးကောင်စီ (RCSS) တို့အကြား ဖြစ်နေတဲ့တိုက်ပွဲတွေက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်ကနေ ရှမ်းပြည်နယ်

တောင်ပိုင်းအထိ ဆင်းလာခဲ့ပါတယ်။ နိုင်ငံတောင်ပိုင်းဒေသမှာလည်း ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာအချို့နဲ့ စစ်ကောင်စီအကြား အကြိမ်ရေ ရာနဲ့ချီတဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ပြန်ဖြစ်လာခဲ့ပါတယ်။

နောက်ထပ်ပေါ်လာတဲ့ အခင်းအကျင်းသစ်က ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF) တွေရဲ့ ခုခံတွန်းလှန်စစ် ဖြစ်ပါတယ်။ နိုင်ငံအနှံ့ အရေအတွက်အားဖြင့် အနည်းဆုံး ၁၈၀ ကနေ အများဆုံး ၃၀၀ ကျော်အထိရှိတဲ့ PDF အဖွဲ့တွေရဲ့ ခုခံတွန်းလှန်စစ်ကို ချင်းပြည်နယ်နဲ့ မြန်မာနိုင်ငံ အနောက်မြောက်လွင်ပြင်ဒေသ စစ်ကိုင်းတိုင်းအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသတွေမှာ အများဆုံးတွေ့ရပြီး ကယားပြည်နယ်မှာလည်း တိုက်ခိုက်မှုတွေ အရှိန်မြင့်နေပါတယ်။

ခြုံပြောရရင် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းကလွဲပြီး ကျန်ပြည်နယ်နဲ့တိုင်းဒေသတွေမှာ အနည်းနဲ့အများဆိုသလို EAO တွေရဲ့တိုက်ပွဲဆင်မှုနဲ့ PDF တွေရဲ့ ခုခံတွန်းလှန်စစ်က အရှိန်ကောင်းလာပါတယ်။ စစ်အာဏာမသိမ်းခင် အချိန်က တပ်မတော်နဲ့ အပြင်းအထန် တိုက်ပွဲဆင်ခဲ့တဲ့ ရက္ခိုင့်တပ်တော် (AA) က စစ်ကောင်စီနဲ့ တိုက်ပွဲဖြစ်ပွားမှုမရှိတော့ဘဲ အပစ်ရပ်နေတာက ထူးခြားချက်တခု ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအတွက် ဆက်စပ်အခြေအနေ (context) ပြောင်းလဲသွားမှု၊ စကတည်းက အားနည်းချက်ရှိနေတဲ့ ဒီဇိုင်း၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်လာတဲ့ အသစ်အသစ်သော အခင်းအကျင်း စတဲ့အချက်တွေက ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်အပေါ် ရိုက်ခတ်မှုရှိခဲ့ပါတယ်။ NCA ကို အခြေပြုထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံး ပါဝင်နိုင်မှုမရှိဘူးဆိုတဲ့ အငြင်းပွားမှုရှိနေချိန်မှာပဲ၊ ဗဟိုချုပ်ကိုင်မှုလွန်ကဲတဲ့ အခင်းအကျင်းတွေက ကြိုးပမ်းမှုဖြစ်စဉ်ကို ရှေ့မရောက်စေဘဲ အကျပ်ရိုက်မှု (deadlock) ဖြစ်စေခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာတော့ ဖြစ်စဉ်တခုလုံး ပျက်စီးသွားပြီး NCA ပျက်ပြယ်ပြီဆိုတဲ့ သုံးသပ်ချက်တွေပါ ရှိခဲ့ပါတယ်။ စစ်ကောင်စီက အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို ဖျက်သိမ်းပြီး အသစ်ဖွဲ့စည်းလိုက်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းကော်မတီ (NSPNC) ဦးဆောင်မှုနဲ့ NCA လမ်းကြောင်းအတိုင်း ဆက်လုပ်မယ်လို့ဆိုပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးတဲ့ကိစ္စကလွဲလို့ ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုတွေကို စစ်ကောင်စီနဲ့ ဆွေးနွေးအဖြေရှာလို့ရကြောင်း စစ်ကောင်စီဥက္ကဋ္ဌက အောက်တိုဘာ ၁၅ ရက်မှာ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ရွေးကောက်ခံအစိုးရ၊ လွှတ်တော်အပါအဝင် တရားဝင်ကိုယ်စားပြုမှု အင်္ဂါမစုံတော့တဲ့ အခြေအနေတွေက NCA အခြေခံ ငြိမ်းချမ်းရေးလုပ်ငန်းအပေါ် ပြန်လှန်ဆန်းစစ်စရာ ဖြစ်စေခဲ့ပါတယ်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း
**ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်လှန်ဆန်းစစ်သော မေးခွန်း ၇ ခုကို**
ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်၌ ပါဝင်ခဲ့သူများ၊ သုတေသီများနှင့် လေ့လာသုံးသပ်သူများအား ISP-Myanmar က မေးမြန်းထားပြီး ၎င်းတို့၏ဖြေဆိုချက်များကို မကြာမီ ဖော်ပြသွားပါမည်။

## ■ NCA ခြောက်နှစ်တာခရီး ငြိမ်းချမ်းရေးဖြစ်စဉ်အကျဉ်း (၂၀၁၅–၂၀၂၁)

### ၂၀၁၅

**EAO အဖွဲ့ရှစ်ဖွဲ့ NCA လက်မှတ်ထိုး**

၂၀၁၅ အောက်တိုဘာ ၁၅

USDP အစိုးရလက်ထက် ပထမဆုံး NCA လက်မှတ်ထိုးခြင်းဖြစ်သည်။

### ၂၀၁၆

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ**

၂၀၁၆ ဇန်နဝါရီ ၁၂ မှ ၁၆

USDP အစိုးရ သက်တမ်းကုန်ခါနီးတွင် ကျင်းပခဲ့သည့် ညီလာခံဖြစ်ပြီး သဘောတူညီချက်မရခဲ့ပါ။

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ (ပထမအစည်းအဝေး)**

၂၀၁၆ ဩဂုတ် ၃၁ မှ စက်တင်ဘာ ၃

NLD အစိုးရလက်ထက် ပထမဆုံးလုပ်ခဲ့သည့် ညီလာခံဖြစ်ပြီး သဘောတူညီချက်မရခဲ့ပါ။

### ၂၀၁၇

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ (ဒုတိယအစည်းအဝေး)**

၂၀၁၇ မေ ၂၄ မှ ၂၉

အချက် ၃၇ ချက်ပါဝင်သော ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို ချုပ်ဆိုနိုင်ခဲ့သည်။

### ၂၀၁၈

**NMSP/MNLA နှင့် LDU တို့ NCA လက်မှတ်ရေးထိုးခဲ့**

၂၀၁၈ ဖေဖော်ဝါရီ ၁၃

NLD အစိုးရလက်ထက် ပထမဆုံး NCA လက်မှတ်ထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ဖြစ်သည်။

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ (တတိယအစည်းအဝေး)**

၂၀၁၈ ဇူလိုင် ၁၁ မှ ၁၆

အချက် ၁၄ ချက် ထပ်မံရရှိခဲ့ပြီး ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို ချုပ်ဆိုနိုင်ခဲ့သည်။

**နေပြည်တော် ၁၀+၁၀ ထိပ်သီးဆွေးနွေးပွဲ**

၂၀၁၈ အောက်တိုဘာ ၁၅

ငြိမ်းချမ်းရေးဖော်ဆောင်မှု ရှေ့ဆက်နိုင်ရန်နှင့် အကျပ်အတည်းကို ဖြေရှင်းနိုင်ရန် NCA ပြင်ပ လမ်းသစ်ထွင်ခြင်းအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် NCA လက်မှတ်ထိုး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

နိုင်ငံရေးဆွေးနွေးမှု၌ တစ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး NCA လမ်းကြောင်း deadlock ဖြစ်ခဲ့သည်။ အထူးသဖြင့် ခွဲမထွက်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အလဲအထပ်၊ တခုတည်းသော တပ်မတော်ထားရှိရေး အစရှိသည့် အကျပ်အတည်းများမှတဆင့် deadlock ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉

## ၂၀၁၈ အောက်တိုဘာမှ ၂၀၂၀ ဇန်နဝါရီ ၇ ရက်အထိ တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့

နေပြည်တော် ၁၀+၁၀ ဆွေးနွေးပွဲအပြီးတွင် KNU နှင့် RCSS/SSA အဖွဲ့များက ငြိမ်းချမ်းရေးဆိုင်ရာ အစည်းအဝေးများတွင် ပါဝင်မှု ယာယီရပ်ဆိုင်းခဲ့၍ တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ၁၅ လကြာ ရပ်ဆိုင်းခဲ့ရသည်။ အဆိုပါကာလအတွင်း NRPC အနေဖြင့် KNU နှင့် RCSS/SSA တို့ တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပြန်လည်ပါဝင်လာရန် အလွတ်သဘော တွေ့ဆုံမှုများစွာ ပြုလုပ်ခဲ့ရပြီး KNU နှင့် ကိုးကြိမ်၊ RCSS/SSA နှင့် ခုနစ်ကြိမ်၊ NCA လက်မှတ်ထိုး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ၁၂ ကြိမ်အထိ ရှိခဲ့သည်။

၂၀၂၀

## ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးအစီအစဉ်သစ်

**ပထမလုပ်ငန်းစဉ်** (အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု)

၁။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်း
၂။ ထိရောက်ခိုင်မာသည့် အပစ်ရပ်လုပ်ငန်းစဉ်
၃။ အားလုံးပါဝင်ရေး

**ဒုတိယလုပ်ငန်းစဉ်** (ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး)

၁။ ပြည်နယ်အခြေခံဥပဒေနှင့် လွှတ်တော်နှစ်ရပ်ကိစ္စ စေ့စပ်ညှိနှိုင်းခြင်း
၂။ နိုင်ငံရေးဆွေးနွေးမှု မူဘောင်
၃။ ၂၀၂၀ ပြည့်နှစ်အလွန် လုပ်ငန်းစဉ်များ အသေးစိတ်ဆွေးနွေးညှိနှိုင်းခြင်း ဇယား(၂)
၄။ နိုင်ငံရေးနှင့် လုံခြုံရေးအကြား ဟန်ချက်ညီအောင်ဆောင်ရွက်ခြင်း

**တတိယလုပ်ငန်းစဉ်** (အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း)

၁။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း
၂။ ပြည်နယ်အခြေခံဥပဒေ ရေးဆွဲခြင်း
၃။ ပြည်နယ်များ၏ နိုင်ငံရေးအခွင့်အရေးနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း

## ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ (စတုတ္ထအစည်းအဝေး)

၂၀၂၀ ဩဂုတ် ၁၉ မှ ၂၁ အထိ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် သဘောတူညီချက် အချက် ၂၀ ကို လက်မှတ်ရေးထိုး နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည် ဖော်မှုများကို သဘောတူညီမှုရရှိခဲ့သည်။ မူအားဖြင့် သဘောတူထားသော်လည်း အသုံးအနှုန်းပိုင်း ကွဲလွဲမှုရှိနေသည့် ‘ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကိစ္စ’ ကိုမူ ထည့်သွင်းဆွေးနွေးနိုင်ခဲ့ခြင်းမရှိပေ။

၂၀၂၁

## စစ်တပ် အာဏာသိမ်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁

NLD အစိုးရက ဖွဲ့စည်းခဲ့သော အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို စစ်ကောင်စီက အာဏာသိမ်းပြီးနောက် ဖျက်သိမ်းလိုက်သည်။ ထို့နောက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီတို့ကို ဖွဲ့စည်းခဲ့သည်။ သို့သော် NCA အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အားလုံး ရပ်တန့်သွားသည်။



## ■ မြန်မာ့ငြိမ်းချမ်းရေး ရှေ့ဆက်ဖြစ်တန်ခြေများ

မြန်မာ့ငြိမ်းချမ်းရေး ရှေ့ဆက်ဖြစ်တန်ခြေတွေကို (အပြီးအပြတ်သဘော မဆောင်ဘဲ ဆက်လက် စဉ်းစားနိုင်ရန် အညွှန်းပြုစရာအဖြစ်) ပိုင်းခြားရာမှာ အောက်ထစ်ဖြစ်တန်ခြေ (Baseline Scenario)၊ အဆိုးရွားဆုံး ဖြစ်တန်ခြေ (Worst-Case Scenario) နဲ့ ရလဒ်ကောင်းထွက်ရန် အားထုတ်မှု၏ ဖြစ်တန်ခြေတွေ (Intervention Scenarios) စသဖြင့် သုံးပိုင်းခွဲပြီး ISP-Myanmar က သုံးသပ်ခန့်မှန်းပါတယ်။ ဖြစ်တန်ခြေအားလုံးအတွက် ကာလအပိုင်းအခြားဟာ အနည်းဆုံး ခြောက်လမှသုံးနှစ်အတွင်း ဖြစ်နိုင်ပါတယ်။

### ၁။ အောက်ထစ်ဖြစ်တန်ခြေ (Baseline Scenario)

စစ်ကောင်စီအနေနဲ့ NCA အခြေပြု ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ထိန်းသိမ်းပြီး၊ NCA လက်မှတ် ထိုးမထားတဲ့ EAO တွေနဲ့ တဖွဲ့ချင်းဖြစ်ဖြစ်၊ အုပ်စုလိုက်ဖြစ်ဖြစ် သီးသန့် သဘောတူညီချက်ယူပြီး ပဏာမလက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးပမ်းတာမျိုး ရှိလာနိုင်ပါတယ်။ ဒီအတွက် ဖြစ်တန်ခြေ ၄၀ ရာခိုင်နှုန်းရှိမယ်လို့ ISP-Myanmar က သတ်မှတ်ပါတယ်။

အောက်ထစ်ဖြစ်တန်ခြေအတွက် အကြောင်းပြယူဆချက်များစွာ ရှိနိုင်ပြီး အဓိကကျတဲ့ အချက်ငါးချက်ကို ဖော်ပြပါမယ်။ ပထမအချက်က NCA အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ် ရပ်နေပေမဲ့ EAO တွေ ကိုယ်တိုင်က NCA ရဲ့ အခြေခံမှုတွေကို ဆီလျော်သေးတယ်လို့ မှတ်ယူထားမှုဖြစ်ပါတယ်။ ဒါကို NCA လက်မှတ်ထိုးထားတဲ့ NCA-S EAO အဖွဲ့တွေမှာ မြင်နိုင်ပါတယ်။

---

ISP-Myanmar က ဖော်ပြထားသော မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများကို ဖြန့်ထွက်စဉ်းစားခြင်းတွင် ပါဝင်သည့် အကြောင်းပြယူဆချက်များနှင့် ဆက်နွယ်သက်ရောက်မှုများသည် မလွဲမသွေ မုချဖြစ်မည်ဆိုသော အပြီးအပြတ်သဘောမဆောင်ဘဲ၊ အနာဂတ်ရည်မှန်းချက်သို့ ရောက်ရှိနိုင်ရန် ပစ္စုပ္ပန်အခြေအနေနှင့် ချိတ်ဆက်စဉ်းစားရာ၌ အညွှန်းပြုစရာအဖြစ် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ ယခုဖော်ပြထားသော ဖြစ်တန်ခြေ ဖြန့်ထွက်စဉ်းစားခြင်းနှင့် ပတ်သက်၍ အထောက်အထားသစ်များ ပေါ်ထွက်လာသည်နှင့်အမျှ ပြန်လည်သုံးသပ် ဖြည့်စွက်မှုများ ပြုလုပ်သွားပါမည်။ မည်သည့်နယ်ပယ်အတွက်မဆို ဖြစ်တန်ခြေကိုလေ့လာရာ၌ အနာဂတ်ဟောကိန်းသဘောထက် အကြောင်းပြယူဆချက်များအား အချက်အလက် အထောက်အထားများဖြင့် ဆန်းစစ်ပြီး၊ အထောက်အထား အားကောင်းပါက အားကောင်းလာသလောက် ဖြစ်တန်ခြေ ပို၍နီးစပ်လာနိုင်မည့် အညွှန်းပြုဆိုချက်များအဖြစ် လေ့လာသင့်ပါသည်။

NCA လက်မှတ်ထိုးထားတဲ့ EAO တွေထဲမှာ အဓိကကျတဲ့ KNU အဖွဲ့ဥက္ကဋ္ဌ စောမူတူးဆေးဖိုးကိုယ်တိုင် 'KNU အနေဖြင့် NCA မူဘောင်များအား လိုက်နာကျင့်သုံးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်သူအားလုံး အနေဖြင့်လည်း NCA မူဘောင်များအတိုင်း တိကျစွာ လိုက်နာကျင့်သုံးလျက် ငြိမ်းချမ်းရေးကို ထိန်းသိမ်းကြပါရန် အလေးအနက် တိုက်တွန်းသည်' ဆိုပြီး ၂၀၂၁ ခုနှစ် မေမှာ သဘောထားထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယအချက်က စစ်ကောင်စီဟာ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးပြီး EAO တွေနဲ့ တိုက်ပွဲကြီးတွေမဖြစ်အောင် သတိထားထိန်းသိမ်းနေခြင်း ဖြစ်ပါတယ်။ တတိယအကြောင်းပြ ယူဆချက်ကတော့ တဖြည်းဖြည်း အင်အားကြီးမားလာတဲ့ PDF တွေကို ဦးတည်ကိုင်တွယ်ဖို့အတွက် EAO တွေနဲ့ တိုက်ပွဲကြီးတွေမဖြစ်အောင် စစ်ကောင်စီက ခြေလှမ်းပြင်နေသလို EAO တွေဆီကနေ PDF တွေကို ခွဲထုတ်ပြီး သီးသန့်ကိုင်တွယ်ခြင်း ဖြစ်ပါတယ်။ နောက်တခုက စစ်တပ်အတွင်း ထိပ်ပိုင်းခေါင်းဆောင်များအကြား အကွဲအပြဲများမဖြစ်စေရန်၊ တပ်ပြေးအရေအတွက်များပြားပြီး တပ်ရင်း၊ တပ်မ၊ စစ်တိုင်းအလိုက် ဘက်ပြောင်းမှုမဖြစ်အောင် ထိန်းထားနိုင်သေးခြင်း ဖြစ်ပါတယ်။ ဒါကို ဘယ်လောက် ထိန်းထားနိုင်မလဲဆိုတဲ့အချက်က ဒီအောက်ထစ်ဖြစ်တန်ခြေကို အပြောင်းအလဲဖြစ်စေပါမယ်။ နောက်ဆုံး အကြောင်းပြယူဆချက်က အိမ်နီးချင်းနိုင်ငံတွေဟာ မြန်မာနိုင်ငံအတွင်း ပြည်တွင်းစစ် ကျယ်ပြန့်လာမှာကို ရှောင်ရှားလိုခြင်းဖြစ်ပါတယ်။ အထူးသဖြင့် ကိုဗစ်အလွန်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး အကျပ်ရိုက်မှုကို ရင်ဆိုင်နေရတဲ့ အိမ်နီးချင်း နိုင်ငံတွေဟာ မြန်မာနိုင်ငံရဲ့ပြဿနာတွေ သူတို့ဆီ လျှံကျလာမယ့်ကိစ္စတွေကို ဖြစ်ချင်ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ ပဋိပက္ခမြေပုံ ကျယ်ပြန့်လာပြီး ပြည်တွင်းစစ် ပိုကျယ်လာအောင် အထောက်အပံ့ပေးတာမျိုး ရှောင်ရှားလိုဟန် ရှိပါတယ်။

အောက်ထစ်ဖြစ်တန်ခြေဖြစ်လာခဲ့မယ်ဆိုရင် ဆက်နွယ်သက်ရောက်မှုတွေထဲ ဖြစ်လာနိုင်တာက စစ်ကောင်စီဟာ လူထုထောက်ခံမှုကင်းမဲ့ခြင်းနဲ့ အာဏာကိုင်စွဲအုပ်ချုပ်ပိုင်ခွင့်မရှိခြင်း အကျပ်အတည်း (legitimacy crisis) ကို ကာလတာရှည် ခံစားရမှာပါ။ တခါ သူတို့လိုလားချက်အတိုင်း ရလဒ်ထွက်စေဖို့ EAO အဖွဲ့ကြီးတချို့ကို နိုင်ငံရေးနဲ့ စစ်စီးပွားရေး အခွင့်ထူးတွေ လိုက်လျောဖွယ် ရှိပါတယ်။ တချိန်တည်းမှာပဲ EAO တွေနဲ့ PDF တွေရဲ့ထူးခြား ချိတ်ဆက်လှုပ်ရှားမှုတွေကြောင့် အနာဂတ်လက်နက်ဖြုတ်သိမ်းရေးနဲ့ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး DDR/SSR ကိစ္စတွေက ပိုပြီး ရှုပ်ထွေးခက်ခဲသွားနိုင်ပါတယ်။ ဒါကြောင့် အနာဂတ် ငြိမ်းချမ်းရေး ညှိနှိုင်းမှုမှန်သမျှမှာ DDR/SSR အရေးက အဓိကအကျဆုံးစိန်ခေါ်မှု ဆက်ဖြစ်ဖွယ်ရှိပါတယ်။

## ၂။ အဆိုးရွားဆုံး ဖြစ်တန်ခြေ (Worst-Case Scenario)

အဆိုးရွားဆုံး ဖြစ်တန်ခြေ (Worst-Case Scenario) က အရင်ရှိထားပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အနှစ်သာရ အရရော၊ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အရပါ အဆုံးသတ်သွားမယ်၊ ပျက်စီးသွားမယ်၊ စစ်ကောင်စီတပ်တွေနဲ့ EAO၊ PDF တွေအကြား ကြီးမားတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်လာပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်လာနိုင်ခြင်းဖြစ်ပါတယ်။ ဖြစ်တန်ခြေ ၃၀ ရာခိုင်နှုန်း ရှိမယ်လို့ ISP-Myanmar က သတ်မှတ်ပါတယ်။

အဆိုးရွားဆုံးဖြစ်တန်ခြေအတွက် အကြောင်းပြယူဆချက် ငါးချက်ထဲမှာ ပထမအချက်က EAO ဒေသတွေမှာ စစ်ကောင်စီတပ်တွေ တိုးမြှင့်ချထားတာကြောင့် ထိတွေ့မှုဖြစ်ရာကနေ တွက်ကိန်းလွဲပြီး တိုက်ပွဲကြီးတွေဖြစ်ပွားခြင်းဖြစ်ပါတယ်။ အရင်က စစ်ပွဲမဖြစ်ဖူးတဲ့ ဒေသတွေမှာ တချို့သော EAO တွေရဲ့ အကူအညီနဲ့ အင်အားကောင်းလာတဲ့ PDF တွေကို ကိုင်တွယ်ဖို့သာမကဘဲ၊ အင်အားကြီး EAO တွေနဲ့ PDF တွေကို ခွဲထုတ်နိုင်ဖို့အတွက် စစ်ကောင်စီဘက်က ထိုးစစ်ဆင်တာနဲ့ တပ်တိုးမြှင့်ချခြင်းတွေ လုပ်လာနိုင်ပါတယ်။ ဒီအခါ နှစ်ဘက်တပ်တွေအကြား အင်အားချင်း အကဲစမ်းရာကနေ ကြီးမားတဲ့စစ်ပွဲတွေ ဖြစ်လာနိုင်တယ်။ တခါ မြို့ပေါ်လူထု ဆန္ဒပြပွဲတွေနဲ့ PDF တွေရဲ့ တိုက်ခိုက်မှု၊ တိုက်ပွဲဆင်မှုတွေက စစ်ကောင်စီအပေါ် ပိုမိုထိခိုက်တဲ့ ခြိမ်းခြောက်မှုအဖြစ် အနည်းဆုံး နောက်ထပ်ခြောက်လအထိ အားကောင်းမောင်းသန် ဆက်ရှိနေနိုင်တယ်ဆိုရင် ပြည်တွင်းစစ်ဟာ ထိန်းရခက်အောင် ပိုမိုကျယ်ပြန့်သွားမယ်လို့ ခန့်မှန်းနိုင်တာက ဒုတိယအကြောင်းပြယူဆချက်ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ EAO တွေအကြား (ဥပမာ- ရှမ်းပြည်နယ်မှာ ဖြစ်နေသလို) နယ်မြေချဲ့ထွင်ရေးနဲ့ ကြီးစိုးရေးအတွက် အခွင့်အလမ်းနဲ့ ပြိုင်ဆိုင်မှု များလာခြင်းက တတိယအချက်ဖြစ်ပါတယ်။ တိုက်ပွဲတွေ ပြင်းထန်လာတာနဲ့အမျှ တဖက်နဲ့တဖက် မုးယစ်ဆေးအစရှိတဲ့ စစ်စီးပွားရေး ရုတ်ခြည်း ဖြတ်တောက်ခံရတာ (ဒါမှမဟုတ်) ပိုပြီးလွယ်ကူစွာ လုပ်လာနိုင်ခြင်းကြောင့်လည်း အဆိုးရွားဆုံး ဖြစ်တန်ခြေကို ခန့်မှန်းရတဲ့ စတုတ္ထမြောက် အကြောင်းပြယူဆချက်ဖြစ်ပါတယ်။ နောက်ဆုံးယူဆချက်အဖြစ် အိမ်နီးချင်းနိုင်ငံတွေက မြန်မာနိုင်ငံအတွင်း သူတို့အတွက် မဟာဗျူဟာအရ အရေးပါတဲ့ဒေသတွေမှာ (ဥပမာ- ရှမ်းပြည်နယ်မှာ ဖြစ်နေသလို) သူတို့နဲ့ဆက်နွယ်တဲ့ EAO တွေ၊ လိုအပ်ရင် သူတို့ဩဇာခံ လက်နက်ကိုင်

တပ်အသစ်တွေကို ဖန်တီးပြီး အထိုင်ချ ခြေကုပ်ယူထားဖို့ လိုအပ်လာတယ်လို့ ဆုံးဖြတ်လာခြင်း ဖြစ်ပါတယ်။

အဆိုးရွားဆုံးဖြစ်တန်ခြေ ဖြစ်လာခဲ့မယ်ဆိုရင် ဆက်နွယ်သက်ရောက်မှုတွေထဲမှာ ပြည်တွင်း လူသားချင်းစာနာမှုအကျပ်အတည်း အလွန်ကြီးမားစွာ ဖြစ်လာနိုင်ပါတယ်။ အုပ်ချုပ်ရေးနဲ့လုံခြုံရေးပျက်ပြားပြီး ကျရှုံးနိုင်ငံအဖြစ် သတ်မှတ်ခံရတာလည်း ဖြစ်လာနိုင်တယ်။ အိမ်နီးချင်းနိုင်ငံတွေကလည်း မြန်မာ့ပဋိပက္ခက ဖိတ်စင်လာမယ့် ဒုက္ခသည်အရေး၊ မူးယစ်ဆေးကုန်သွယ်မှုစသဖြင့် ဘေးထွက်ဆိုးကျိုးတွေ လျှံကျမလာအောင် စစ်ရေး စတဲ့ ကြားခံတွေကို ပိုမိုဖန်တီးလာတာ၊ ကန့်သတ်တားဆီးမှုတွေ ပိုလုပ်ပြီး မြန်မာနိုင်ငံကို တဖြည်းဖြည်းနဲ့ ဖယ်ကြဉ်မှု လုပ်သွားနိုင်ခြေ ရှိပါတယ်။

## ၃။ ရလဒ်ကောင်းထွက်ရန် အားထုတ်မှု၏ ဖြစ်တန်ခြေများ (Intervention Scenarios)

ရလဒ်ကောင်းထွက်ဖို့ အားထုတ်မှု ဖြစ်တန်ခြေတွေ (Intervention Scenarios) မှာ နှစ်ပိုင်းရှိနိုင်ပါမယ်။ ပထမတခုက နိုင်ငံတကာ (အထူးသဖြင့် တရုတ်ထောက်ခံမှုနဲ့) ကြားဝင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ လက်ရှိ နိုင်ငံရေးအကျပ်အတည်းကို ချိတ်ဆက်ဖြေရှင်းပေးခြင်းဖြစ်ပါတယ်။ ဒုတိယတခုက အဓိက EAO တွေ၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နဲ့ PDF တွေ ပူးပေါင်းပြီး 'တပ်ပေါင်းစု'နဲ့ စစ်ကောင်စီကို အနိုင်ယူအောင်ပွဲခံတာဖြစ်ပါတယ်။ ပထမအချက်က ဖြစ်တန်ခြေ ၂၀ ရာခိုင်နှုန်း ရှိပြီး ဒုတိယအချက်က ဖြစ်တန်ခြေက ၁၀ ရာခိုင်နှုန်းရှိမယ်လို့ ISP-Myanmar က သတ်မှတ်ပါတယ်။

ရလဒ်ကောင်းထွက်ရန် အားထုတ်မှု၏ အလားအလာ-၁ ကို ဖြစ်ပေါ်စေမယ့် အကြောင်းပြ ယူဆချက် သုံးရပ်ရှိပါတယ်။ ပထမတခုက စစ်ကောင်စီဟာ မြေပြင်အခြေအနေကို မထိန်းချုပ်နိုင်တဲ့အတွက် အနိမ့်ဆုံး လူထုပူးပေါင်းပါဝင်မှုရှိမှ အောင်မြင်နိုင်မယ့် (ဥပမာ- ရွေးကောက်ပွဲကျင်းပခြင်း) လုပ်ငန်းမျိုးတွေကို မလုပ်နိုင်ခြင်းဖြစ်ပါတယ်။ တချိန်တည်းမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားတဲ့ စစ်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာထူးကဆင်းပေးလိုက်ရတာ၊ ဒါမှမဟုတ် ရာထူးကနေ ဖြုတ်ချခံရတာ စသဖြင့် တပ်တွင်းဖြုတ်ထုတ်လှုပ်ရှားမှု အပြောင်းအလဲ ဖြစ်နိုင်ခြင်းက ဒုတိယ အကြောင်းပြယူဆချက် ဖြစ်ပါတယ်။ တတိယတချက်

ကတော့ တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံတွေက စစ်ကောင်စီအပေါ် စိတ်ပျက်၊ စိတ်မရှည်တော့ဘဲ တညီတညွတ်တည်း ဖိအားပေးမှုတွေလုပ်ခြင်း ဖြစ်ပါတယ်။ ဒီအခြေနေတွေရှိလာရင်တော့ နိုင်ငံတကာကြားဝင်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ လက်ရှိ နိုင်ငံရေးအကျပ်အတည်းကို ချိတ်ဆက်ဖြေရှင်းပေးခြင်းမျိုး ဖြစ်တန်ခြေရှိပါတယ်။

ဒီအတွက် ဖြစ်လာနိုင်တဲ့ ဆက်နွယ်သက်ရောက်နိုင်မှုတွေထဲမှာ အဓိကအင်အားစုတွေ လက်ခံသဘောတူတဲ့ ငြိမ်းချမ်းရေးစာချုပ်အသစ်တခု ဖြစ်နိုင်ခြင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခြင်း၊ ကြားကာလအစိုးရတရပ်ပေါ်ထွန်းခြင်း စတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒီလိုဖြစ်လာရင် နိုင်ငံတကာဖိအားလျော့ပါးခြင်း၊ လူသားချင်းစာနာမှုနဲ့ အခြားအကူအညီ ပိုရခြင်းတွေ ရှိလာနိုင်ပါတယ်။ ဒါပေမဲ့ သဘောထားပြင်းထန်သူတွေက စေ့စပ်ဆွေးနွေးမှု ရလဒ်ကိုလက်မခံတာကြောင့် တိုက်ခိုက်မှုတွေတစုံတရာ ဆက်ဖြစ်ပွားနေနိုင်ပါတယ်။

ရလဒ်ကောင်းထွက်ရန် အားထုတ်မှု၏ အလားအလာ-၂ ကို ဖြစ်ပေါ်စေမယ့် အကြောင်းပြယူဆချက် ငါးရပ်ရှိပါတယ်။ ပထမတခုက အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ဆုံချက်ဖြစ်မယ်၊ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (Federal Charter) အသက်ဝင်လာပြီး EAO တွေကို တပ်ပေါင်းစုဖွဲ့ဖို့ ဆွဲဆောင်နိုင်ခြင်းဖြစ်ပါတယ်။ EAO တွေအနေနဲ့လည်း သူတို့ရဲ့ တိုင်းရင်းသားလူငယ်တွေနဲ့မြန်မာလူထုတရပ်လုံးရဲ့စစ်အာဏာရှင်ဆန့်ကျင်ရေးလမ်းကြောင်းကို လွန်ဆန်ဖို့ခက်ခဲလာခြင်းက ဒုတိယအချက်ဖြစ်ပါတယ်။ တခါ စစ်ကောင်စီအနေနဲ့ EAO တွေကို မက်လုံးပေးညှို့နှိုင်းဖို့လည်း မစွမ်းဆောင်နိုင်တော့ခြင်း၊ သွေးခွဲအုပ်ချုပ်တာကိုလည်း မလုပ်နိုင်တော့ခြင်းတွေက တတိယအချက် ဖြစ်ပါမယ်။ စတုတ္ထအချက်က စစ်တပ်ထဲမှာ တပ်ပြေးအရေအတွက် များလာပြီး တပ်ရင်း၊ တပ်မ၊ စစ်တိုင်းအလိုက် ဘက်ပြောင်းမှုဖြစ်လာတာကို မထိန်းနိုင်တော့ဘဲ ထိပ်ပိုင်းခေါင်းဆောင်တွေအကြား အကွဲအပြဲဖြစ်လာတာ၊ တပ်တွေကို တနိုင်ငံလုံး ဖြန့်ကျက်ထားရတာကြောင့် အားနည်းပြီး စိတ်ဓာတ်ကျဆင်း စစ်ပန်းလာတာ စတဲ့အချက်တွေကို ထည့်တွက်ရပါမယ်။ နောက်ဆုံးအချက်ကတော့ နိုင်ငံတကာ (အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေ) က စစ်ကောင်စီဟာ တိုင်းပြည်ကို မထိန်းနိုင်တော့ဘူးလို့ ယူဆတဲ့အတွက် တော်လှန်ရေးအင်အားစုတွေကို စုစည်းနိုင်အောင် ကူညီပေးတာ၊ ရုပ်ဝတ္ထုအထောက်အပံ့တွေ ပေးလာတာမျိုး ဖြစ်ပါတယ်။

ဒီဖြစ်တန်ခြေကြောင့် ဆက်နွယ်သက်ရောက်မှု ဖြစ်လာနိုင်တာက အငြင်းပွားမှုတွေ ဘယ်လိုပဲရှိစေ လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲဖြစ်ပေါ်လာပြီး ပြည်ထောင်စုလက္ခဏာ တည်ဆောက်ရေးအတွက် အကျိုးများခြင်း ဖြစ်လာနိုင်

ပါတယ်။ တခါ နိုင်ငံတကာအသိအမှတ်ပြုမှုနဲ့ အကူအညီတွေ ပြန်လည်ရရှိလာနိုင်ပါတယ်။ ဒါပေမဲ့ တပ်တွင်း လက်နက်ကိုင်ထားသူအချို့ ပြည်ခိုင်ဖြိုး (USDP) ပါတီဝင်တချို့နဲ့ အမျိုးဘာသာစောင့်ရှောက်ရေး ကြွေးကြော် ပြင်းထန်သူတချို့က ပြောင်းလဲလာမယ့်အခြေအနေကို လက်မခံနိုင်ဘဲ လက်နက်ကိုင်စွဲ တန်ပြန်ခြင်းတွေလည်း ဖြစ်လာနိုင်ပါတယ်။

ဖြစ်တန်ခြေတွေကို လေ့လာရာမှာ အနာဂတ်ဟောကိန်း သဘောထက် အကြောင်းပြယူဆချက်တွေကို အထောက်အထားနဲ့ဆန်းစစ်ပြီး၊ အထောက်အထားအားကောင်းရင် အားကောင်းလာသလောက် ဖြစ်တန်ခြေ ပိုနီးစပ်လာနိုင်မယ့် အညွှန်းပြဆိုချက်များအဖြစ် လေ့လာသင့်ပါတယ်။ အထောက်အထားကျိုးကြောင်းယုတ္တိကို ဖော်ထုတ်ပိုင်းခြားဆန်းစစ်ပြီး ဖြစ်တန်ခြေကို ကြိုတွေးဆခြင်းနဲ့ အကျိုးဆက်များကို ပုံဖော်ကြည့်ခြင်းပဲဖြစ်ပါတယ်။ ဘက်အသီးသီးက မူဝါဒချမှတ်သူများအနေနဲ့ရော၊ ပြည်သူများအနေနဲ့ပါ မိမိတို့မျှော်မှန်းတဲ့ ဖြစ်တန်ခြေ အနာဂတ်ကနေ ယခုပစ္စုပ္ပန်ကို ပြန်စုန်ဆင်းပြီး လိုအပ်တဲ့အကြောင်းတရားတွေ ပြည့်စုံအောင် ဘယ်လိုတည်ဆောက်ယူရင် ရေဆန်ကိုလှန်တက်နိုင်မလဲ၊ ဦးတည်တဲ့ပန်းတိုင်ရောက်မလဲဆိုတဲ့ မဟာဗျူဟာမြောက် ဦးနှောက် မုန်တိုင်းဆင်နိုင်ဖို့၊ စီမံကိန်းတွေချမှတ်နိုင်ဖို့ အတွက် ဖြစ်တန်ခြေတွေးတောပုံက အထောက်အကူဖြစ်စေနိုင်ပါတယ်။ ဖြစ်တန်ခြေ ဖြန့်ထွက်စဉ်းစားတဲ့အလေ့ကို လုပ်ခြင်းအားဖြင့် မိမိစိတ်အစွဲအရ ဖြစ်ချင်တာတွေကိုပဲ သက်သေရှာကျားကန်ဖို့ ကြိုးစားတဲ့ အစွဲအထောက်အထား၊ အစွဲကောက်ချက်တွေကို ရှောင်ရှားနိုင်ပါတယ်။ မိမိဦးတည်လိုရာပန်းတိုင် ဖြစ်တန်ခြေကို ဘယ်လို ရောက်အောင်သွားနိုင်မလဲဆိုတဲ့ မဟာဗျူဟာပြင်ဆင်ချက်၊ လုပ်ဆောင်ချက်တွေကို အဂတိအနည်းဆုံးနဲ့ ဖော်ဆောင်နိုင်ပါတယ်။ မိမိ မလိုလား၊ မကြုံတွေ့လိုတဲ့ ဖြစ်တန်ခြေများကို ဖြစ်စေတတ်တဲ့ အကြောင်းပြယူဆချက်တွေ၊ အထောက်အထားတွေကို မျက်စိဖွင့် စိတ်ဖွင့် လေ့လာဖြစ်တဲ့အတွက် ဒီအန္တရာယ်မျိုး ဖြစ်မလာအောင် ဘယ်လို ဟန့်တားဆောင်ရွက်မလဲ၊ ဖြစ်လာခဲ့ရင်ကော အငိုက်မိစရာမလိုဘဲ အဆုံးအရှုံးနည်းအောင် ဘယ်လို ပြန်လည်ရုန်းထွက် လမ်းသစ်ဖောက်မလဲ ဆိုတာကို မဟာဗျူဟာကျကျ ပြင်ဆင်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ■